

Pray for Rohingya

EXPECTANTLY SOWING

# ရက်ပေါင်း (၃၀) ဆုတောင်းအစီအစဉ်

ဖေဖော်ဝါရီ (၂၈) ရက်မှ မတ်လ (၂၉) ရက်ထိ၊ ၂၀၂၅

## သတိနှင့်ကြည့်ရှုသောဘုရား

ထိုသို့မိန့်မြွက်တော်မူသော ထာဝရဘုရားကို၊ အာတောဧလရောဟူသော အမည်ဖြင့် ခေါ်ဝေါ်၍၊ ငါ့ကိုမြင်တော်မူသောသူကို ဤအရပ်၌ ပင် ငါဖူးမြင်ရသည်တကားဟု ဟာဂရဆိုလေ၏။ (က၊ ၁၆း၁၃)

ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့နှင့် ကရုဏာတော်ကို ခိုလှုံသောသူတို့ကို...ကြည့်ရှုလျက် ရှိတော်မူ၏။ (ဆာ၊ ၃၃း၁၈-၁၉)

လာမည့် ရက်ပေါင်း (၃၀) ကိုယ်စားပြုဆုတောင်းခြင်းအစီအစဉ်မှာ ပါဝင်ပေးသည့်အတွက် ကျေးဇူးတင်ပါသည်။ မိတ်ဆွေတို့သည် မတူညီသော လူ၊ နေရာ၊ သာသနာလုပ်ငန်းနှင့် အခြေအနေများအတွက် ဆုတောင်းပေးသည့်အခါ မိတ်ဆွေတို့နှလုံးသားထဲမှာ ရိုဟင်ဂျာများအတွက် နက်ရှိုင်းသည့်မေတ္တာကို ဘုရားသခင် ထည့်သွင်းခံစားစေဖို့ ကျွန်တော်တို့ မျှော်လင့်ပါသည်။ သာမန်အကြောင်းအရာများအပါအဝင် အခြေအနေအမျိုးမျိုးကိုလိုက်ပြီး ထူးခြားသောအကြောင်းအရာများကိုလည်း အောက်ပါတို့တွင် ဖော်ပြထားသည်။

## အမေရိကန်ပြည်ထောင်စု

၁ အမေရိကန်ပြည်ထောင်စုတွင်၊ ရိုဟင်ဂျာ (၁၂၀၀၀ - ၁၅၀၀၀) ခန့် ပြန်လည်နေရာချခွင့်ရသည်ဟု ခန့်မှန်းကြပါသည်။ ထိုအထဲမှ လူနည်းစုသည်သာ ယေရှုနောက်လိုက်သူများဖြစ်သည်။ ယေရှုကို မသိသောသူများသည် သူ၏မေတ္တာတော်နှင့် မစတော်မူခြင်းကို တွေ့ကြုံရမည့်အခွင့်အရေးများ ရရှိကြရန် ဆုတောင်းပါ။ ဗျာဒိတ်ရူပါရုံများနှင့် အိပ်မက်များ ရရှိပြီး ယေရှုကို အရှင်သခင်အဖြစ် လက်ခံနိုင်သည့် နူးညံ့သိမ်မွေ့သော နှလုံးသားများ ရှိလာရန် ဆုတောင်းပါ။

၂ မကြာသေးခင်က မုဆိုးမဘဝကို ရောက်ရသည့် အာမီနာဆိုသူ မိခင်တစ်ယောက်သည် သူမ၏ ဆယ်ကျော်သက် သမီးလေး (၃) ယောက်ကို အမေရိကန်ပြည်ထောင်စုသို့ ခေါ်ယူဖို့ ကြိုးစားရာမှာ အဆင်မပြေမှုများနှင့် ရင်ဆိုင်နေရပါသည်။ သူမ၏ မိသားစုသည် ပြန်လည်ဆုံဆည်းနိုင်ရန်၊ သူမ၏ ပူလောင်မှုထဲမှာ ဘုရားသခင်ကို တွေ့မြင်နိုင်ရန်၊ အလားတူ အခြေအနေမျိုးနှင့် ရင်ဆိုင်နေရသည့် မိသားစုများသည် ယေရှု၌ ကတိတော်ရှိသည့် ပြန်လည်ထူထောင်ပေးခြင်းကို ကြားသိပြီး မျှော်လင့်ခြင်းရရှိကြစေရန် ဆုတောင်းပါ။

၃ မြန်မာနိုင်ငံတွင်၊ ရိုဟင်ဂျာမိသားစုတစ်စုသည် မကြာသေးခင်က မိသားစုဝင် (၁) ယောက်ကို ဆုံးရှုံးခဲ့ရသည်။ မိသားစုဝင် ဆုံးရှုံးရသောကြောင့် ဝမ်းနည်းပူဆွေးနေကြသည့် သူတို့အပါအဝင်၊ ရပ်ဝေးမှ ဆွေမျိုးများအားလုံး ငြိမ်သက်ခြင်းနှင့် သက်သာခြင်း ရရှိခံစားစေဖို့ ဆုတောင်းပါ။ လုပ်သားများသည် ဧဝံဂေလိတရားကို ဤမိသားစုထံ ဝေငှခဲ့ပါသည်။ ဘုရားသခင်သည် နာကျင်မှု၊ ဝမ်းနည်းပူဆွေးမှုများနှင့် သူတို့နပမ်းလုံးနေရသည်ကို သတိနှင့်ကြည့်ရှုကြောင်းကို သူတို့သိရှိလာရန် ဆုတောင်းပါ။

## မြန်မာနိုင်ငံ

၄ တင်းမာမှုများ ဆက်လက်ဖြစ်ပွားနေသော ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာထောင်နှင့်ချီ ဆက်လက်နေထိုင်လျက် ရှိပါသည်။ အဆက်မပြတ် အင်တာနက်၊ ဆက်သွယ်ရေးပြတ်တောက်မှုများနှင့်အတူ နှစ်ဖက်လုံးမှ လွဲမှားသော သတင်းအချက်အလက်များကြောင့် ရိုဟင်ဂျာများ တွေ့ကြုံနေရသည့် အခြေအနေမှန်ကို မှေးမှိန်စေသည်။ သို့ရာတွင်၊ ဘုရားသခင်သည် သူတို့၏ ဒုက္ခဆင်းရဲကို သတိနှင့်ကြည့်ရှုပြီး သူတို့၏ ငိုကြွေးသံကို ကြားပါသည်။ ရခိုင်ပြည်နယ်ကို မည်သို့ပင် ထိန်းချုပ်ပါစေ၊ ရိုဟင်ဂျာများအတွက် ငြိမ်သက်ခြင်းနှင့် အကွယ်အကာကို ရရှိစေဖို့ ဆုတောင်းပါ။

၅ လက်ရှိအချိန်ထိဖြစ်ပေါ်နေသော မြန်မာပြည်တွင်းစစ်ကြီးက ရိုဟင်ဂျာအရေးကို ဖုံးကွယ်စေသည်။ နိုင်ငံတစ်ဝန်းသည် လူပေါင်းများစွာနည်းတူ ရိုဟင်ဂျာများသည် ငွေကြေးအဆမတန်ဖောင်းပွမှုဒဏ်နှင့် မရှိမဖြစ်လိုအပ်သည့် အရင်းအမြစ်များကို ရယူခွင့် ပိတ်ပင်ခံရမှုအပါအဝင် ခက်ခဲမှုများနှင့် နေ့စဉ် ရုန်းကန်နေရသည်။ ရိုဟင်ဂျာများသည် လောကီခေါင်းဆောင်များ (သို့) အစိုးရများထက် မျှော်လင့်ခြင်းအရှင် ဘုရားသခင်ကို မျှော်ကြည့်ပြီး အားယူတတ်ရန် ဆုတောင်းပါ။

## အိန္ဒိယနိုင်ငံ

၆ အိန္ဒိယနိုင်ငံတွင် ရိုဟင်ဂျာ မူစလင်ဘာသာဝင်တချို့၏ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အသက်အန္တရာယ်ခြိမ်းခြောက်မှုတို့ကို ရင်ဆိုင်နေရသော ရိုဟင်ဂျာခရစ်ယာန်များအပေါ် ဘုရားသခင် ကွယ်ကာပေးရန် ဆုတောင်းပါ။ ဤစိန်ခေါ်မှုများအလယ်၌ ခွန်အား၊ ငြိမ်သက်ခြင်းနှင့် လုံခြုံမှုတွေ့ရှိစေရန် ဆုတောင်းကြပါ။

၇ ရိုဟင်ဂျာအသင်းတော်သည် ခရစ်တော်၏ မေတ္တာတော်နှင့် သမ္မာတရားကို ထင်ဟပ်ပြီး ကိုယ်တော်င့်တူသော အသက်တာ၌ ကြီးထွားလာစေရန် ဆုတောင်းပါ။ ဘုရားသခင်သည် ယုံကြည်သူများကို ပိုမိုခိုင်ခံ့စေပြီး အသင်းတော်ကို ဉာဏ်သတ္တိရှိသော လမ်းပြဦးဆောင်နိုင်မည့် ခေါင်းဆောင်များ မွေးထုတ်ပေးနိုင်ရန် ဆုတောင်းပါ။

၈ ဓမ္မသစ်ကျမ်းစာ အသံသွင်းခြင်းအစီအစဉ်တစ်ခုသည် မကြာမီ ပြီးဆုံးမည်ဖြစ်သည်။ ထိုအစီအစဉ်ကို အနှောင့်အယှက်မရှိ အဆုံးသတ်နိုင်ရုံမက အကျယ်တပြန့် သုံးစွဲလာခြင်းဖြင့် ကမ္ဘာတစ်ဝန်းရှိ ရိုဟင်ဂျာထုကြီးအတွက် မျှော်လင့်ခြင်းနှင့် ပြောင်းလဲမှုများ ယူဆောင်လာပေးရန် ဆုတောင်းပါ။

## ပါကစ္စတန် နိုင်ငံ

၉ လွန်ခဲ့သည့် ဆယ်စုနှစ်များစွာတွင် ထောင်ပေါင်းများစွာသော ရိုဟင်ဂျာများသည် ပါကစ္စတန်နိုင်ငံထဲသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ လက်ရှိအချိန်တွင်၊ ဤအသိုင်းအဝိုင်းသည် အခွင့်အရေးမဲ့သော ကျူးကျော်နယ်မြေများတွင် တိမ်မြုပ်နေပါသည်။ အများစုသည် အောက်ခြေအလုပ်များ (သို့) ငါးဖမ်းလုပ်ငန်းများဖြင့် အသက်မွေးနေသည်။ ပါကစ္စတန်ခရစ်ယာန်များသည် ရိုဟင်ဂျာများကို ဧဝံဂေလိတရားဝေငှဖို့ လိုအပ်ကြောင်း စတင်တွေ့မြင်လာနေသည်။ ဤအသိုင်းအဝိုင်းထဲမှာ ဧဝံဂေလိတရားအတွက် တံခါးများ ဖွင့်လာပြီး ယေရှု၏မေတ္တာတော်ကို လက်ခံယုံကြည်သည့် နှလုံးသားများစွာ ရှိလာရန် ဆုတောင်းပါ။

၁၀ ပါကစ္စတန်နိုင်ငံရှိ ရိုဟင်ဂျာများသည် ညှဉ်းပန်းနှိပ်စက်ခံရမှုကြောင့် သူတို့လုံခြုံရေးအတွက် သီးခြားနေထိုင်ရန် တွန်းပို့ခံရပါသည်။ သူတို့ဆက်လက်ရှင်သန်နိုင်ရေးအတွက် သူတို့၏ဖြစ်တည်ခြင်းကို ဖုံးကွယ်ထားရလင့်ကစား ရိုဟင်ဂျာများ၏ အမွေအနှစ်များကို ခိုင်မာစွာ စွဲကိုင်ထားနေဆဲ ဖြစ်ပါသည်။ ယုံကြည်သူများသည် ရိုဟင်ဂျာများအား ကြောက်မက်ဖွယ်သော လက္ခဏာ၊ ထူးဆန်းသော လက္ခဏာနှင့် ဖန်ဆင်းထားသည်ဟု ရှင်းပြပြီး သူတို့၏ မိခင်ဘာသာစကားဖြင့် ခမည်းတော်၏ ချစ်ခြင်းမေတ္တာတော်အကြောင်း ပြောပြခွင့်ရစေရန် ဆုတောင်းပါ။

## အင်ဒိုနီးရှားနိုင်ငံ

၁၁ ရိုဟင်ဂျာများသည် (၁၉၅၁) ခုနှစ် ဒုက္ခသည်ခိုလှုံခွင့် သဘောတူညီချက်၌ လက်မှတ်ရေးထိုးထားခြင်း မရှိခဲ့သည့်တိုင် အင်ဒိုနီးရှားနိုင်ငံမှာ ခိုလှုံနေထိုင်ခွင့်သက်ညှာမှု ရရှိကြရန် ဆုတောင်းပါ။ အာဏာပိုင်များ၏ နှလုံးသားကို ဘုရားသခင် ပျော့ပျောင်းစေပြီး သနားကြင်နာသော အကူအညီ ပေးလာရန် ဆုတောင်းပါ။ အထူးသဖြင့် အာချေးပြည်နယ်ထဲက ဒေသခံများသည် ရိုဟင်ဂျာများနှင့်ပတ်သက်ပြီး ခုခံလိုခြင်း၊ အာဃာတပွားခြင်း၊ လွဲမှားစွာ သိရှိခြင်းတို့ကို ကျော်လွှားနိုင်ရန် ဆုတောင်းကူညီပါ။

၁၂ ဒုက္ခသည်စခန်းများတွင် သမ္မာကျမ်းစာဘာသာပြန်ကျမ်းနှင့် အခြားသော ဖြစ်ရပ်ဇာတ်လမ်းအစီအစဉ်များကို MP3 စက်လေးများဖြင့် ဖြန့်ဝေနေပါသည်။ သမ္မာကျမ်းစာ အသံသွင်းစက်ကို နားဆင်သောသူတို့သည် ဘုရားသခင်နှင့်ရင်ဆိုင်တွေ့ကြုံပြီး ယေရှု၏ စစ်မှန်သော ဖြစ်တည်ခြင်းကို တွေ့မြင်စေဖို့ သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့ကို မစဖို့ရန် ဆုတောင်းပါ။

## မလေးရှားနိုင်ငံ

၁၃ ဆယ်ကျော်သက် ရိုဟင်ဂျာလူငယ်ယောက်ျားများမှာ အားလပ်ချိန်များစွာ ရှိနေပါသည်။ ပညာသင်ကြားခွင့်နှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရန် ကန့်သတ်ခံရသည်။ သူတို့သည် ပြဿနာဖန်တီးသူများ၊ တန်ဖိုးမဲ့သူများ၊ တိုင်းတစ်ပါးမှကျူးကျော်သူများအဖြစ် ရှုမြင်ခံရသည်။ မလေးရှားနိုင်ငံထဲက သူတို့၏ ပြင်းထန်သော အနာဂတ်အခြေအနေအမှန်မှာ ခက်ခဲပင်ပန်းလှသည့် အလုပ်ကြမ်းများကို တရားမဝင်လုပ်ကိုင်ခြင်း ဖြစ်သည်။

၁၄ မနူရ် (Nur) သည် အသက် (၁၃) နှစ်အရွယ်၌ မလေးရှားနိုင်ငံသို့ရောက်ရှိခဲ့ပြီး မကြာခင်မှာပင် အိမ်ထောင်ကျခဲ့သည်။ သူမသည် မိမိမိသားစုနှင့် ကွဲကွာခဲ့ပြီးနောက် ရိုဟင်ဂျာဘာသာစကားမပြောတတ်သော အင်ဒိုနီးရှားအမျိုးသမီးတစ်ယောက်နှင့်အတူ နေထိုင်ခဲ့ပါသည်။ မနူရ်သည် သီးခြားပစ်ထားခံရသည့် အထီးကျန်တစ်ယောက်လို ခံစားနေရသည်။ အိမ်ထောင်ကျပြီး (၁) နှစ်အတွင်း မနူရ်သည် ပထမကလေးကို ရရှိခဲ့ပြီး ယခုအခါ နိုင်ငံရပ်ခြားမှာ မိခင်ဘဝကို သင်ယူနေသည်။ မနူရ်၏ ဘဝအခြေအနေနည်းတူ အရွယ်မရောက်သေးသည့် အိမ်ထောင်ပြုရသော ရိုဟင်ဂျာအမျိုးသမီးငယ်များစွာအတွက် ဆုတောင်းပါ၊ ဘုရားသခင်သည် သူတို့ကို သတိနှင့်ကြည့်ရှုနေသည်ကို သိနိုင်မည့်အကြောင်း ဆုတောင်းပါ။

၁၅ မလေးရှားနိုင်ငံရှိ ရိုဟင်ဂျာများအပေါ် ရန်လိုမှုသည် (၂၀၂၀) ခုနှစ်တွင် စပြီး တဖြည်းဖြည်း မြင့်တက်လာခဲ့သည်။ အိမ်ရှင်များနှင့် တိုက်ခန်းမန်နေဂျာများသည် ရိုဟင်ဂျာများကို မိမိရပ်ကွက်များထဲမှ ဖယ်ထုတ်ပစ်ရန်အတွက် အခန်းငှားခများကို အတင်းအဓမ္မ မြင့်တင်နေသည်။ လူမှုမီဒီယာပေါ်မှာလည်း အမုန်းစကား ဖြန့်ဝေမှုများစွာ ရှိသည်။ ဤရန်လိုမှုသည် ဒေသမျိုးစုံထဲက NGO အကူအညီများ ရယူနိုင်မှုကို အနှောင့်အယှက် ဖြစ်စေသည်။ ဤတိုင်းနိုင်ငံ၏ လူထုနှင့် အစိုးရသည် အိမ်နီးချင်းရိုဟင်ဂျာများကို လူသားများအဖြစ် အသိအမှတ်ပြုတတ်စေရန် ဆုတောင်းကူညီပါ။







၁၆ မလေးရှားနိုင်ငံရှိ ရိုဟင်ဂျာများစွာသည် အတိုင်းအတာတစ်ခုအထိ အကာအကွယ်ပေးသည့် UNHCR ကတ်တစ်ခုရရှိရေး၊ အမေရိကန်ပြည်ထောင်စုသို့ ရွှေ့ပြောင်းအခြေချခွင့်ရရှိရေး၊ သူတို့၏ သားသမီးများအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ရရှိရေး၊ သူတို့ကိုယ်ပိုင်မိသားစု အဖြစ်ရပ်တည်နိုင်ရေး (သို့) မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းနိုင်ရေး စသည့် နယ်ပယ်များတွင် မျှော်လင့်မှုဖင့်နွဲခြင်း (သို့) အဆုံးမရှိ စိတ်ပျက်နေရခြင်းတို့ကို ရင်ဆိုင်နေဆဲ ဖြစ်ပါသည် (သု၊ ၁၃း၁၂)။ သူတို့ မျှော်လင့်စောင့်စားနေသည့် ကာလ၌ ဘုရားသခင်နှင့် ရင်ဆိုင်ထိတွေ့ရန် ဆုတောင်းကူညီပါ။

## နီပေါနိုင်ငံ

၁၇ သာသနာလုပ်ငန်းတစ်ခု၏ ရိုဟင်ဂျာဒုက္ခသည်များအတွက် နေအိမ်များ ဆောက်လုပ်ပေးသည့်အစီအစဉ်သည် နောက်ဆုံးအဆင့်သို့ ရောက်နေသည်။ သူတို့သည် မြေကွက်ဝယ်ယူပြီး မီးတပ်ဆင်ကာ၊ ရေတိုင်ကီတစ်လုံး ဆောက်လုပ်ပေးခဲ့သည်။ ရိုဟင်ဂျာ (၅၀၀) ဦးအတွက် လုံခြုံသောနေရာတစ်ခု ရရှိအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ဖြစ်သည်။ ဤအစီအစဉ်သည် လုံခြုံမှု၊ တည်ငြိမ်မှုကို အောင်မြင်စွာ ပေးစွမ်းနိုင်ပြီး အိမ်ခန်းပိုင်ရှင်များ၏ မကြာခဏ အကြမ်းဖက်ခြိမ်းခြောက်မှုများမှ လွတ်မြောက်နိုင်ရန် ဆုတောင်းကူညီပါ။

၁၈ အမေရိကန်နိုင်ငံသားတစ်ယောက်သည် မိမိနေပါလီရိုဟင်ဂျာကပြား မိတ်ဆွေ (၂) ယောက်ကို ယေရှု (အိစာ) အား ကုရ်အာန်ကျမ်းထဲမှာ အကြိမ်ပေါင်းများစွာ ဖော်ပြထားသည့်ပေါ် ဘယ်လိုထင်သလဲဟု မေးခဲ့ပါသည်။ သူတို့၏ တုံ့ပြန်မှုက (၄၅) မိနစ်ခန့် ဆွေးနွေးပြောဆိုမှု တစ်ခုကြာသွားခဲ့သည်။ နောက်ထပ်ခရီးစဉ်မှာ ဝိညာဉ်ရေးရာစကားစမြည်ပြောဆိုခြင်း ပိုမိုရှိလာပြီး ဤချစ်မိတ်ဆွေ (၂) ယောက်၏ အမြင်များပွင့်လာရန် ဆုတောင်းကူညီပါ။

## ဂျော်ဒန်နိုင်ငံ

၁၉ ဂျော်ဒန်နိုင်ငံမှာ သေးငယ်သော ရိုဟင်ဂျာအသိုင်းအဝိုင်းတစ်ခုရှိသည်။ အများစုမှာ တရားဝင်စာရွက်စာတမ်းနှင့် ပညာရေးသင်ယူခွင့် မရှိကြသည့်အတွက် ဘဝအခြေအနေ မလွယ်ကူပါ။ ယုံကြည်သူဝန်ထမ်းများဖြင့် လည်ပတ်သည့် NGO အဖွဲ့ငယ်တစ်ခုသည် ရိုဟင်ဂျာမိသားစုများကို အခြေခံကျန်းမာရေးစောင့်ရှောက်ပေးနေသည်။ ဆေးခန်းဝန်ထမ်းများ၏ မေတ္တာဖြင့် စောင့်ရှောက်ပေးခြင်းကြောင့် ရိုဟင်ဂျာများကို သတိနှင့်ကြည့်ရှုတော်မူသော ဘုရားသခင်ကို ပိုမိုသိကျွမ်းလိုသည့် စိတ်ဆန္ဒရှိလာစေရန် ဆုတောင်းကူညီပါ။

၂၀ တောင်အာရှသားများအပေါ် လူမျိုးခွဲခြားမှုနှင့် ခွဲခြားဆက်ဆံခြင်းသည် ဂျော်ဒန်နိုင်ငံမှာ ဧဝံဂေလိတရားဝေငှရန်အတွက် အတားအဆီးတစ်ခု ဖြစ်နေသည်။ လက်ရှိအချိန်ထိ ဂျော်ဒန်နိုင်ငံထဲက ရိုဟင်ဂျာများကို ဧဝံဂေလိတရားဝေငှဖို့ အာရုံစိုက်ကြိုးပမ်းမှုတစ်စုံတစ်ရာ မရှိသေးပါ။ ဘုရားသခင်သည် သူတို့တစ်ဦးချင်းစီကို တွေ့မြင်ပြီး သူတို့အား သူ့ကိုသိကျွမ်းစေလိုသည်။ ဤနိုင်ငံထဲမှာ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ၊ ရိုဟင်ဂျာများကို ပစ်မှတ်ထား ဧဝံဂေလိတရားဝေငှသည့် အမှုတော်ဆောင်ဆရာတစ်ယောက် ပေါ်ထွက်လာစေဖို့ ဆုတောင်းကူညီပါ။

## ဆော်ဒီအာရေဗျနိုင်ငံ

၂၁ ဆော်ဒီအာရေဗျနိုင်ငံရှိ ရိုဟင်ဂျာအများစုသည် ထိုနိုင်ငံသို့ ရောက်ရှိနေသည်မှာ (၂၅-၃၀) နှစ်ခန့် ရှိနေပြီဖြစ်သည်။ နိုင်ငံသားဖြစ်ခွင့်မရကြရုံသာမက၊ ဆော်ဒီနိုင်ငံသားများကို ဦးစားပေးအလုပ် ခန့်ကြသောကြောင့် အလုပ်အကိုင်ရရှိရန်လည်း ခက်ခဲပါသည်။ အစ္စလာမ်ဘာသာစတင်ခဲ့သည့်နိုင်ငံတွင် နှိမ့်ကျသိမ်မြုပ်နေသည့် အခြေအနေနှင့် ရုန်းကန်နေရသည့် ရိုဟင်ဂျာများအား ယေရှုကိုယ်တော်တိုင် အိပ်မက်ရူပါရုံများဖြင့် ဖွင့်ပြရန် ဆုတောင်းကူညီပါ။

၂၂ ကိုအာဘူရှာရိဖ် (Abu Sharif) သည် ရှင်လုကာခရစ်ဝင်ကျမ်း နှင့် ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို ရိုဟင်ဂျာဘာသာနှင့် အသံသွင်းထားသည့် အော်ဒီယိုဖိုင်ကို လက်ခံရရှိခဲ့သည်။ ၎င်းတို့ကို သူအရမ်းတန်ဖိုးထားသလို၊ သူ့ယောက္ခမကိုလည်း တစ်ခုပေးခဲ့သည်။ မက္ကာမြို့နှင့် တိုက်ဖ်မြို့၌ရှိသော အာဘူရှာရိဖ် နှင့် မိသားစုသည် ထိုခရစ်ဝင်ကျမ်းများကို နားထောင်ခြင်းဖြင့် ယေရှုကို သိရှိလာရန် ဆုတောင်းပါ။ ယေရှုအကြောင်း ကြားသိရသည့်ရပ်ဝေးက အခြားသူများနှင့် သူ့အကြားမှာ ချိတ်ဆက်ဆွေးနွေးပြောဆိုမှု ဆက်လက်ရရှိစေရန် ဆုတောင်းပါ။

## ထိုင်းနိုင်ငံ

၂၃ (၂၀၂၄) ခုနှစ်တွင်၊ ထိုင်းနိုင်ငံသားများမှလွဲ၍ လမ်းဘေးအစားအစာများရောင်းချခွင့်ကို ပိတ်ပင်သည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းခဲ့ရာ ရိုဟင်ဂျာ ရိုတီမုန့်ကြော်ရောင်းချသူများသည် အဖမ်းဆီးခံရမည့် အန္တရာယ်နှင့် လုပ်ကိုင်ရတော့သည်။ သူတို့သည် အစိုးရထံမှ တစ်စုံတစ်ရာအထောက်အပံ့မျိုးကို မျှော်လင့်နေသည် မဟုတ်ဘဲ ဤနိုင်ငံထဲမှာ ကြောက်ရွံ့စရာမလိုဘဲ အသက်ရှင်ကာ၊ သူတို့နှင့် မိသားစုအတွက် ကိုယ်တိုင်လုပ်ကိုင်ကျွေးမွေးလိုပါသည်။ ရိုဟင်ဂျာများအနေဖြင့် အာဏာပိုင်များကို ကြောက်ရွံ့နေစရာမလိုဘဲ အလုပ်လုပ်ကိုင်ခွင့်ရှိသော ဥပဒေမျိုးပြောင်းလဲပြဋ္ဌာန်းလာရန် ဆုတောင်းကူညီပါ။

၂၄ ဒီဇင်ဘာ (၂၀၂၄) ခုနှစ်တွင် အာဏာပိုင်များက တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများအတွက် ယာယီမှတ်ပုံတင်ကတ်လျှောက်နိုင်ရန် (၂) ပတ်ခန့် တံခါးဖွင့်ပေးခဲ့သည်။ ထိုကတ်ဝန်ဆောင်မှုအတွက် တောင်းခံသည့် (၄၁၀) ဒေါ်လာသည် သူတို့လုံးဝမတတ်နိုင်သည့် ငွေပမာဏ ဖြစ်သည်။ ရဲဌာနက ထိုကတ်ကို မလျှောက်နိုင်သည့်သူများကို ပျင်းရိသောသူအဖြစ်သတ်မှတ်သည်။ ဤနှစ်သစ် လဆန်းပိုင်းကတည်းက တရားမဝင်နေထိုင်သည့်သူများကို လိုက်လံရှာဖွေဖမ်းဆီးမှုများပြုနေသည်။ ဤကဲ့သို့ ခက်ခဲလှသည့် အခြေအနေများတွင် ဘုရားသခင်၏ တရားမျှတမှုနှင့် သနားခြင်းကရုဏာ လွှမ်းမိုးလာရန် ဆုတောင်းပါ။

၂၅ ကိုအာမီ (Armin) သည် လွန်ခဲ့သောနှစ်အတွင်း အိမ်ငှားခ မပေးနိုင်သောကြောင့် (၃) ကြိမ်တိုင် ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်။ ကျေးဇူးတော်ကြောင့် ဘုရားသခင်သည် သူ့အတွက် နေရာသစ်တစ်ခုကို ပြင်ဆင်ပေးခဲ့သည်။ ကိုအာမီ၏ မိသားစုသည် ဘုရားသခင်၏ စောင့်ရှောက်မှုကို ခံစားရရုံမက သူ့လူများတစ်ဆင့် သူပြုသောအမှုကို တွေ့မြင်နိုင်ရန် ဆုတောင်းကူညီပါ။ သူတို့ကို သတိနှင့်ကြည့်ရှုသောဘုရားကို သိရှိနိုင်ရန် ဆုတောင်းကူညီပါ။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ

၂၆ ရိုဟင်ဂျာများ၏ ရုန်းကန်မှုများအကြောင်း ကမ္ဘာ့မီဒီယာထိပ်တန်းသတင်းမှာ ပြန်လည်ရောက်ရှိလာခဲ့သည်။ ယခုအခါ အခြားသော အကျပ်အတည်းများက လူသားချင်းစာနာမှုအကူအညီနှင့် သူတို့၏ အခြေအနေပေါ် အာရုံစိုက်ခံရမှုတို့ကို လုယူသွားပါပြီ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများထဲက အခြေအနေသည် ရိက္ခာများဖြတ်တောက်ခံရခြင်း၊ ဘတ်ဂျက်လျှော့ချခံရခြင်း၊ ကူညီသည့်အဖွဲ့အစည်းများအား ထွက်ခွာသွားခြင်းတို့နှင့် ရင်ဆိုင်နေရသည်။ ကမ္ဘာကြီးသည် ရိုဟင်ဂျာများကို မေ့သွားဟန်ရှိသော်လည်း ဘုရားသခင်သည် သူတို့ကို မမေ့ရုံသာမက၊ သူကိုယ်တိုင် သူတို့အနီးသို့ ချည်းကပ်လျက်လုပ်ဆောင်နေသည်။ သူတို့၏ လိုအပ်မှုများအတွက် အသစ်သောနိုင်ငံတကာအကူအညီများ ပေါ်ထွက်လာရန်ဆုတောင်းကူညီပါ။

၂၇ နုငယ်သေးသော ရိုဟင်ဂျာအသင်းတော်သည် ရုန်းကန်နေရပါသည်။ သူတို့မိခင်ဘာသာစကားဖြင့် သမ္မာကျမ်းစာရနိုင်ရန် ခက်ခဲသည်သာမက ရင့်ကျက်သည့် တပည့်တော်နှင့် ခေါင်းဆောင်များကို အလွန်ရှားပါးလှသည်။ သို့သော်၊ ဘုရားသခင်သည် သူ့သတို့သမီးကို သတိနှင့်ကြည့်ရှုလျက်ချစ်ပါသည်။ အရင်းအမြစ်နှင့် အခွင့်အလမ်းများ ရရှိပြီး ခေါင်းဆောင်များက ရိုဟင်ဂျာအသင်းတော်၏ ဝိညာဉ်ရေးရာကြီးထွားမှုအတွက် ပိုမိုဆက်ကပ်စေဖို့ ဆုတောင်းကူညီပါ။

၂၈ ရိုဟင်ဂျာယုံကြည်သူများသည် ညှဉ်းပန်းနှိပ်စက်ခံရသူများစာရင်းတွင် အဆိုးရွားဆုံးသောအဆင့်မှာ ရှိသည်။ သူတို့သည် ရန်လိုမုန်းတီးမှုပင်လယ်ကြီးထဲမှာ ကြောက်ရွံ့စိတ်နှင့် တစ်ယောက်တည်း အထီးကျန်နေရပြီဟု မကြာခဏ ခံစားရပါသည်။ မေတ္တာတန်ခိုးတော်နှင့်ပြည့်စုံသော ဝိညာဉ်တော်ကြောင့် သခင်ဘုရား၌ ဝမ်းမြောက်လျက် ဘုရားသခင်၏ ကောင်းကင်တမန်တပ်ဖြင့် ဝန်းရံပေးခြင်းဖြင့် သမ္မာတရားလမ်းထဲမှာ လျှောက်လှမ်းနိုင်သော ရဲရင့်သတ္တိရှိရန် ဆုတောင်းပါ။

၂၉ ရိုဟင်ဂျာ သမ္မာကျမ်းစာဘာသာပြန်သည့်အဖွဲ့တစ်ခုသည် သမ္မာကျမ်းစာ အတွေးအမြင်များကို သူတို့၏ အသက်တာမှာ ခွန်အားယူလက်ခံနိုင်ရန် တစ်ခါတစ်ရံ အခက်တွေ့နေသည် (ဥပမာ၊ ဟာဂရဖြစ်ရပ်ဇာတ်တော်တွင် ဘုရားသခင်၏ နီးကပ်ခြင်း)။ သူတို့သည် ထိုဖြစ်ရပ်ဇာတ်တော်များကို ကြားရသည့်အခါ၊ ဘုရားသခင်အနီးတွင်ရှိသည်ကို လက်ခံယုံကြည်နိုင်ရန် ဆုတောင်းကူညီပါ။

၃၀ သမ္မာကျမ်းစာဘာသာပြန်ခြင်းလုပ်ငန်းစဉ်အတွက် ဆုတောင်းကူညီပါ။ ဘာသာပြန်စာမူ စစ်ဆေးပေးပြီး ဘာသာပြန်အဖွဲ့ကို ဝေဖန်အကြံပြုချက်များ ပြန်လည်ပေးပို့နေသည့် ကမ္ဘာတစ်ဝန်းရှိ အစေခံများအပေါ် ဘုရားသခင်၏ ကျေးဇူးတော်၊ ဉာဏ်ပညာနှင့် နှိမ့်ချခြင်းတို့ပို ပေးစေရန် ဆုတောင်းပါ။ မကြာခဏ အန္တရာယ်များသည့် နေရာတွင် ထိခိုက်လွယ်သောအကြောင်းအရာများကို စစ်ဆေးအတည်ပြုသည့် လုပ်ငန်းစဉ်ထဲ၌ ဉာဏ်ပညာနှင့် လုံခြုံမှုပေးရန် ဆုတောင်းကူညီပါ။ ဤဘာသာပြန်အဖွဲ့နှင့် အစီစဉ်အတွက် လိုအပ်မှုများကို ဘုရားသခင် ထောက်ပံ့ပေးပြီး (ဟာဂရနည်းတူ) ဘုရားသခင်၏ အဆက်မပြတ် စောင့်ရှောက်မှုကို သူတို့ခံစားနိုင်စေရန် ဆုတောင်းကူညီပါ။

## ဆက်လျက် ဆုတောင်းလိုပါသလား

**ရိုဟင်ဂျာလူမျိုးများအတွက် ပုံမှန်ဆုတောင်းချက်အတိုများ (အင်္ဂလိပ်ဘာသာဖြင့်) လက်ခံရရှိရန် အောက်ပါသော QR ကုဒ်ကို စကန်ဖတ်၍ WhatsApp အဖွဲ့ထံသို့ ဝင်ပါရန်။**



**သတိနှင့်ကြည့်ရှုသောဘုရားကို ရိုဟင်ဂျာများ သိရှိလာရန် ဆုတောင်းကူညီခြင်း**

**ပိုမိုသိလိုပါက၊**
**pray4rohingya.org**